# ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ပြဋ္ဌာန်းသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေတွင် ပုဒ်မ ၁၂ ၌၊ ''ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်ထံမှ တဆင့် နိုင်ငံတော် သမထထံသို့'' ဆိုသည့် စကားရပ်အစား '' ကျန်းမာရေးဌာန တာဝန်ခံထံသို့'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။